# အခန်း (၁)
# ပါတီဝင်။

**ပုဒ်မ ၁။** ကိုယ်တိုင်အလုပ်လုပ်ကိုင်ပြီး အခြားသူများ၏ လုပ်အားကို သွေးမစုပ်သူ ဗမာပြည်သား အလုပ်သမား၊ လယ်ယာအလုပ်သမား၊ ဆင်းရဲသောလယ်သမား၊ အလတ်တန်းစား အောက်လွှာလယ်သမား၊ မြို့နေဆင်းရဲသားတို့ သည်လည်းကောင်း၊ တော်လှန်ရေးတပ်မတော်သားနှင့် အခြားတော်လှန်သော ပုဂ္ဂိုလ်များသည်လည်းကောင်း၊ လူမျိုးမရွေး ကျား/မ မရွေး အသက် ၁၈ နှစ်ပြည့်သူမှန်သမျှသည်...

(က) ပါတီ၏ အထွေထွေလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းများကို လက်ခံလျှင်၊

(ခ) ပါတီ၏အဖွဲ့အစည်း တခုခုတွင်ပါဝင်၍ ပါတီလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်လျှင်၊

(ဂ) ပါတီ၏ဆုံးဖြတ်ချက်များနှင့် စည်းကမ်းများကို လိုက်နာ ဆောင်ရွက်လျှင်၊

(ဃ) ပါတီကြေးများကို ပေးဆောင်လျှင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင် ဖြစ်နိုင်ပေသည်။

**ပုဒ်မ ၂။** ပါတီဝင်လိုသူများသည် တဦးချင်းအရ ပါတီဝင် လျှောက်လွှာတင်ခြင်းနှင့် ဝင်ခြင်းမှုအရ ပါတီသို့ဝင်ရမည်။ ပါတီဝင်လျှောက်လွှာတွင် ပါတီဝင်အပြည့် နှစ်ဦးက ထောက်ခံရမည်။ ပါတီကလပ်စည်းသည် ပါတီတွင်း ပါတီပ ကျယ်ပြန့်သောလူထု၏ သဘောထားကို ခံယူကာ စစ်ဆေးရမည်။ ကလပ်စည်း ပါတီဝင် လုံးကျွတ် အစည်းအဝေးက လက်ခံခြင်း ပြုမည်မပြုမည်ကို ဆုံးဖြတ်ရမည်။ လက်ခံပါက ၎င်းဆုံးဖြတ်ချက်ကို တဆင့်မြင့်သော ပါတီကော်မတီသို့ အတည်ပြုရန် တင်ပြရမည်။

**ပုဒ်မ ၃။** ဗမာပြည်ကွန်မြူနစ်ပါတီဝင်များတွင် အောက်ပါတာဝန်ဝတ္တရားများ ရှိပေသည်။

ပါတီဝင်တယောက်သည် ...

(က) မာ့က်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်၏ သဘောတရားအခြေခံ အနှစ်သာရကို နားလည်အောင်နှင့် သဘောတရားနှင့် လက်တွေ့ ပေါင်းစပ်နိုင်အောင် ကြိုးစားလေ့လာရမည်။ ပြန်လည်ပြင်ဆင်ရေးဝါဒ၊ တရားသေဝါဒ၊ အတွေ့အကြုံဝါဒနှင့် ပစ္စည်းမဲ့မဆန်သော အတွေးအခေါ်၊ စည်းရုံးရေးနှင့် လုပ်ဟန်များကို ဆန့်ကျင်ရမည်။

(ခ) ဗမာပြည်နှင့် တကမ္ဘာလုံးမှ လုပ်သားထုကြီး၏ အကျိုးအတွက် သည်ပိုးဆောင်ရွက်ရမည်။ မိမိတဦးချင်းအကျိုးကို အကြွင်းမဲ့စွန့်လွှတ်ကာ ပါတီ၊ ပြည်သူလူထု၊ တော်လှန်ရေးနှင့် အများအကျိုးကို နာခံရမည်။

(ဂ) မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို အခြေခံ၍လည်းကောင်း၊ ပါတီ၏ အထွေထွေလုပ်ငန်းစဉ် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနှင့် ပေါ်လစီများကို အခြေခံ၍လည်းကောင်း တည်ဆောက်ထားသော ပါတီ၏ သွေးစည်းညီညွတ်မှုကို မျက်လုံးအိမ်သဖွယ် ထိမ်းသိမ်းကာကွယ်ရမည်။ ခိုင်မာအောင် လုပ်ရမည်။

(ဃ) အကြောင်းကိစ္စများပေါ်လာတိုင်း လူထုနှင့် ဆွေးနွေးရမည်။

(င) ကိုယ့်ကိုကိုယ် ဝေဖန်ရေးနှင့် ဝေဖန်ရေးကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ကျင့်သုံးရမည်။

(စ) ပါတီ၏အထွေထွေလုပ်ငန်းစဉ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း၊ စည်းကမ်းများနှင့် ဆုံးဖြတ်ချက်များကို တင်းကြပ်စွာလိုက်နာပြီး တက်တက်ကြွကြွ အကောင်အထည်ဖော်ရမည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့တပ်မတော်နှင့် တော်လှန်ရေးလူထုအဖွဲ့အစည်းများ၏ စည်းကမ်းများကို တက်ကြွစွာ စောင့်ထိန်းလိုက်နာရမည်။ ကွန်မြူနစ်ကျင့်ဝတ်ကို စွဲမြဲစွာ စောင့်ထိန်းရမည်။ ကွန်မြူနစ်ပါတီ၏ ဂုဏ်သိက္ခာနှင့် ကွန်မြူနစ်ပါတီဝင်တဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော မည်သည့်ကိစ္စမျိုးကိုမျှ မလုပ်ရ။

(ဆ) ရိုးသားပွင့်လင်းရမည်။ ပါတီအပေါ် သစ္စာရှိရမည်။ အဖြစ်မှန်များကို ပါတီအား ဖုံးကွယ်ခြင်း၊ လိမ်ညာခြင်းမပြုရ။ ပါတီအကျိုးအား ထိခိုက်စေသော ပြောဆိုပြုမူလုပ်ဆောင်ချက်များကို ကြားသိတွေ့မြင်ပါက တိုက်ပွဲဆင်ရမည်။ ပါတီသို့လည်း အစီရင်ခံရမည်။

(ဇ) ရိုးရိုးကုတ်ကုတ်နေထိုင်ပြီး ကိုယ့်ဒူးကိုယ်ချွန် စိတ်ဓာတ်ဖြင့် အ



တာဝန်ခံများ မဟုတ်ပါကလည်းကောင်း၊ သီခြားလုပ်ငန်းတာဝန် ထမ်းဆောင်နေသူများ မဟုတ်ပါကလည်းကောင်း ကွန်မြူနစ်လူငယ် အဖွဲ့အစည်းမှ နှုတ်ထွက်ကြရမည်။

**ပုဒ်မ ၅၇။** ပါတီတခုလုံး၏ ဘဏ္ဍာရေးနှင့် ပတ်သက်ပြီး ဗဟိုကော်မတီသည် ညွှန်ကြားချက် သို့မဟုတ် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

**ပုဒ်မ ၅၈။** ဤ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းတွင် မပါဝင်သော ပြဿနာများကို ဗဟိုကော်မတီသည် သီးခြားညွှန်ကြားချက် သို့မဟုတ် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

တွင် အတွင်းရေးမှူးတဦး သို့မဟုတ် အတွင်းရေးမှူးတဦးနှင့် ဒုအတွင်းရေးမှူးကိုသာလျှင် ရွေးကောက်ပြီး ကလပ်စည်းကော်မတီကို မဖွဲ့စည်းသေးဘဲထားရမည်။

## အခန်း (၇)
## အထွေထွေ။

**ပုဒ်မ ၅၆။** ဗမာပြည်ကွန်မြူနစ်လူငယ်အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် မိမိဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်သည်။ ကွန်မြူနစ်လူငယ်အဖွဲ့ ဗဟိုကော်မတီသည် ပါတီဗဟိုကော်မတီ၏ ခေါင်းဆောင်မှုကို ခံယူပြီး ဒေသဆိုင်ရာ ကွန်မြူနစ်လူငယ် အဖွဲ့အစည်းအသီးသီးသည် သက်ဆိုင်ရာ အဆင့်ဆင့်အသီးသီးရှိ ပါတီအဖွဲ့အစည်းများ၏ ခေါင်းဆာင်မှုနှင့် တဆင့်မြင့်သော မိမိတို့၏ သက်ဆိုင်ရာ ကွန်မြူနစ်လူငယ်အဖွဲ့အစည်း၏ ခေါင်းဆောင်မှုကို ခံယူသည်။

ဗမာပြည်ကွန်မြူနစ်လူငယ်အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်ထောက်ဖြစ်သည်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ လုပ်ငန်းဘက်အသီးသီးတွင် ကွန်မြူနစ်လူငယ်အဖွဲ့အစည်းများသည် ပါတီ၏ အထွေထွေလုပ်ငန်းစဉ်နှင့် ပေါ်လစီများကို တက်ကြွစွာ ဝါဒဖြန့်ချိသူနှင့် အကောင်အထည်ဖော်သူများဖြစ်သည်။

အဆင့်အသီးသီးရှိ ပါတီအဖွဲ့အစည်းများသည် ကွန်မြူနစ်လူငယ်အဖွဲ့၏ အတွေးအခေါ်လုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို အလေးဂရုပြုရမည်။ ကွန်မြူနစ်စိတ်ဓာတ်နှင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်တို့ဖြင့် ကွန်မြူနစ်လူငယ် အဖွဲ့ဝင်များကို ပညာပေးရာတွင်လည်းကောင်း၊ စာပေယဉ်ကျေးမှုရေချိန် မြှင့်တင်ရာတွင်လည်းကောင်း ကွန်မြူနစ်လူငယ်အဖွဲ့ကို ခေါင်းဆောင်မှုပေးရမည်။ ကွန်မြူနစ်လူငယ်အဖွဲ့ကို ကျယ်ပြန့်သော လူငယ်ထုနှင့် နီးကပ်စွာ ဆက်သွယ်မှုရှိစေရန် ကူညီရှေ့ဆောင်ရမည်။ ကွန်မြူနစ်လူငယ်အဖွဲ့၏ ခေါင်းဆောင်ကျောရိုးများကို လေ့ကျင့်မွေးမြူပေးနိုင်ရန် အစဉ်အမြဲ ဂရုပြုရမည်။

ကွန်မြူနစ်လူငယ်အဖွဲ့ဝင်များကို ကွန်မြူနစ်ပါတီဝင်များ ဖြစ်လာစေရန် လေ့ကျင့်မွေးမြူပေးပြီး သင့်တော်သူများကို ပါတီဝင်အဖြစ် သိမ်းသွင်းရမည်။ ပါတီဝင်အဖြစ်သိမ်းသွင်းပြီး ပါတီဝင်အပြည့်ဖြစ်လာသော ကွန်မြူနစ်လူငယ်အဖွဲ့ဝင် များသည်။ ကွန်မြူနစ်လူငယ်အဖွဲ့အစည်းအတွင်းတွင် ခေါင်းဆောင်



ဆင်းရဲ အပင်ပန်းခံကာ လုံးပန်းတိုက်ခိုက်နိုင်ရမည်။ မိမိ၏ လုပ်ငန်းအဝဝတွင် စံပြအခန်းမှ ပါဝင်နိုင်အောင် ကြိုးပမ်းရမည်။

(ဈ) ပါတီ၏ လျှို့ဝှက်ချက်များကို အသက်ပေး၍ ကာကွယ်ရမည်။ ပါတီနှင့် တော်လှန်ရေးအပေါ် ရန်သူ၏ ဖျက်ဆီးလုပ်ကြံမှုများကို အမြဲသတိရှိရမည်။

အထက်ဖော်ပြပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော ပါတီဝင်များအား ဝေဖန်ရေးနှင့် ပညာပေးရေး ပြုလုပ်ရမည်။ ဤတာဝန်ဝတ္တရားများကို ကြီးလေးစွာချိုးဖောက်ခြင်း၊ ပါတီကို သွေးခွဲဖျက်ဆီးခြင်း၊ ပါတီစည်းကမ်းများနှင့် ဆုံးဖြတ်ချက်များကို ဖောက်ဖျက်ခြင်း၊ ပါတီအကျိုးစီးပွားများကို ပျက်စီးနစ်နာအောင်လုပ်ခြင်း၊ ပါတီကို လိမ်ညာခြင်း စသည်များသည် ပါတီစည်းကမ်းကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ဤသို့ဖြစ်ပါက စည်းကမ်းအရ အရေးယူရမည်။

**ပုဒ်မ ၄။** ဗမာပြည်ကွန်မြူနစ်ပါတီဝင်များတွင် အောက်ပါအခွင့်အရေးများ ရှိပေသည်။

ပါတီဝင်တဦးသည်...

(က) သက်ဆိုင်ရာ ပါတီအစည်းအဝေးများနှင့် စည်းရုံးရေးဘောင် အတွင်းတွင် အထွေထွေလုပ်ငန်းစဉ်၊ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း ပေါ်လစီများနှင့် ပတ်သက်သော သဘောတရား ပြဿနာများနှင့် လက်တွေ့ဆောင်ရွက်မှုပြဿနာများတွင်လည်းကောင်း၊ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ပတ်သက်သော ပြဿနာများတွင်လည်းကောင်း၊ လွတ်လပ်စွာပါဝင် ဆွေးနွေးနိုင်ခွင့်ရှိသည်။

(ခ) ပါတီတွင်းတွင် ရွေးကောက်ခံခွင့်နှင့် အရွေးခံနိုင်ခွင့် ရှိသည်။

(ဂ) မိမိသက်ဆိုင်ရာ ပါတီအစည်းအဝေးများနှင့် စည်းရုံးရေးဘောင် အတွင်းတွင် မည်သည့်ပါတီအဖွဲ့အစည်းကိုမဆို သို့တည်းမဟုတ် မည်သည့် တာဝန်ခံကိုမဆို ဝေဖန်နိုင်ခွင့်ရှိသည်။

(ဃ) ပါတီအဖွဲ့အစည်းက မိမိအားအရေးယူရန် ဆုံးဖြတ်ချက်ချသည့် အခါ သို့မဟုတ် မိမိလုပ်ငန်းအပေါ် အကဲဖြတ်ချက် ချမှတ်သည့်အခါ ကိုယ်တိုင် တက်ရောက် ပါဝင်ခွင့်ရှိသည်။ မိမိကိုယ်ကို ကာကွယ်ခွင့်ရှိသည်။

(င) ပါတီ၏ ဆုံးဖြတ်ချက်များကို သဘောမတူပါက ထိုဆုံးဖြတ်ချက် များနှင့် ကွဲလွဲနေသော မိမိထင်မြင်ချက်များကို ထိန်းသိမ်းနိုင်ခွင့် ရှိသည်။ သို့မဟုတ် အထက်ပါတီအဖွဲ့အစည်းနှင့် ဗဟိုကော်မတီအထိ တင်ပြနိုင်ခွင့်

ရှိသည်။ သို့သော် ယင်းဆုံးဖြတ်ချက်များကို တက်ကြွစွာ လိုက်နာဆောင်ရွက်ရမည်။

(စ) မိမိ၏သဘောထား၊ ထင်မြင်ချက်များ၊ ဝေဖန်ချက်များ၊ အကြံပေးချက်များနှင့် တိုင်တန်းချက်များကို တဆင့်မြင့်သော ပါတီအဖွဲ့အစည်းသို့လည်းကောင်း၊ ဗဟိုကော်မတီနှင့် ဗဟိုကော်မတီဥက္ကဋ္ဌသို့လည်းကောင်း၊ တင်ပြနိုင်ခွင့်ရှိသည်။

ဤအခွင့်အရေးများကို ဖောက်ဖျက်ခြင်းသည် ပါတီ စည်းကမ်းကို ချိုးဖောက်ခြင်းဖြစ်သောကြောင့် ပါတီဝင်တဦး၏ အခွင့်အရေးများကို နှောက်ယှက်တားဆီးသော မည်သည့် ပါတီဝင်ကိုမဆို၊ မည်သည့် ပါတီအဖွဲ့အစည်းတာဝန်ခံကိုမဆို ရှိနေသည့် အတိုင်းအတာအရ ဝေဖန်ရမည်။ ပညာပေးရမည်။ လိုအပ်ပါက စည်းကမ်းအရ အရေးယူရမည်။

**ပုဒ်မ ၅။** ပါတီဝင်များသည် အရန်ပါတီဝင်ကာလကို မုချ ဖြတ်သန်းရမည်။ အရန်ပါတီဝင်ကာလ သတ်မှတ်ခြင်းကို နည်းဥပဒေအရ သက်ဆိုင်ရာ ကလပ်စည်းမှ ဆုံးဖြတ်ပြီး အထက်အဖွဲ့အစည်းက အတည်ပြုရမည်။

အရန်ပါတီဝင်ကာလ ထားရှိခြင်း၏ ရည်ရွယ်ချက်သည် အရန်ပါတီဝင်အား အခြေခံပါတီပညာပေးရေး ပြုလုပ်နိုင်ရန်နှင့် ပါတီအဖွဲ့အစည်းက ၎င်းအရံပါတီဝင်၏ နိုင်ငံရေးအရည်အသွေးကို သူ၏လုပ်ငန်းများအတွင်းတွင် အကဲခတ် စမ်းသတ်နိုင်ရန် ဖြစ်သည်။

အရန်ပါတီဝင်တဦး၏ တာဝန်ဝတ္တရားနှင့်း အခွင့်အရေးများသည် ရွေးကောက်ခွင့်၊ အရွေးခံနိုင်ခွင့်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မဲပေးနိုင်ခွင့် မရှိသည်ကလွဲ၍ အပြည့်ပါတီဝင်တဦးနှင့် ထပ်တူပင်ဖြစ်သည်။

**ပုဒ်မ ၆။** အရန်ပါတီဝင်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ ပါတီကလပ်စည်းသည် အရန်ပါတီဝင်အား ပါတီဝင်အပြည့်ပေးရေးအတွက် သင့်တော်မှု ရှိမရှိဆိုသည်ကို အချိန်နှောင့်နှေးခြင်းမရှိဘဲ ဆွေးနွေးရမည်။ ပါတီဝင်အပြည့်ပေးရေးကိစ္စကို ယင်းကလပ်စည်း ပါတီဝင်လုံးကျွတ် အစည်းအဝေးက သဘောတူမတူ ဆုံးဖြတ်ရမည်။ တဆင့်မြင့်သော ပါတီကော်မတီက အတည်ပြုရမည်။

အရန်ပါတီဝင်ကာလ ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ ကလပ်စည်း ပါတီဝင်လုံးကျွတ်အစည်းအဝေးက အရန်ပါတီဝင်အား ဆက်လက်အကဲခတ်ရန်လိုအပ်သည်ဟု ယူဆပါက အချိန်ကာလ တနှစ်ထက် မပိုစေဘဲ အရန်ပါတီဝင်ကာလကို တိုးနိုင်သည်။ အကယ်၍ အရန်ပါတီဝင်အား ပါတီဝင်



ပါတီဆုံးဖြတ်ချက်များကို မိမိတို့သက်ဆိုင်ရာ ဒေသအခြေအနေနှင့် ကိုက်ညီစွာ ချမှတ်ဆောင်ရွက်ခြင်း၊ အထက်ပါတီအဖွဲ့အစည်းက ပေးအပ်သော လုပ်ငန်းတာဝန်တိုင်းကို ကျေပြွန်အောင် ထမ်းဆောင်ခြင်းများပြုရမည်။

(ဃ) လူထုနှင့် နီးကပ်စွာဆက်သွယ်ပြီး လူထု၏ထင်မြင်ချက်များနှင့် တောင်းဆိုချက်များကို အမြဲတစေ နားထောင်ရမည်။ လူထု၏ထင်မြင်ချက် တောင်းဆိုချက်များကို အထက်သို့ တင်ပြရမည်။ လူထုကိုစည်းရုံးပြီး လူထုက သူတို့ပြဿနာများကို သူတို့ဘာသာ ဖြေရှင်းနိုင်အောင် ရှေ့ဆောင်ရမည်။

(င) ပါတီဝင်သစ်များ သိမ်းသွင်းလက်ခံခြင်း၊ ပါတီစည်းကမ်းများအတိုင်းဆောင်ရွက်ခြင်း၊ ပါတီအဖွဲ့အစည်းများကို အမြဲတစေ သိပ်သည်းခိုင်မာစေခြင်း၊ ပါတီတွင်းသန့်စင်ရေးကို အာမခံနိုင်စေရန်အတွက် ပုပ်သိုးဆွေးမြေ့သော အစိတ်အပိုင်းများကိုဖယ်ရှားပြီး သစ်လွင်တက်ကြွသော အစိတ်အပိုင်းများနှင့် အစားထိုးခြင်းများ ပြုလုပ်ရမည်။

(စ) ပါတီဝင်များ၏ သဘောတရားရေး၊ နိုင်ငံရေး၊ အတွေးအခေါ်၊ လုပ်ဟန်၊ အထွေထွေဗဟုသုတနှင့် စာပေယဉ်ကျေးမှုရေချိန် မြှင့်တင်ရေးကို အစဉ်မပြတ် ပြုလုပ်ရမည်။

(ဆ) စစ်ရေးကိုဗဟိုပြုကာ အာဏာနီတည်ဆောက်ရေး၊ လူတန်းစားတိုက်ပွဲ၊ ထုတ်လုပ်ရေးတိုက်ပွဲ၊ ဝိဇ္ဇာပညာစမ်းသပ်မှု၊ အတွေးအခေါ် နိုင်ငံရေးလှုပ်ရှားမှုများ၊ လူထုလှုပ်ရှားမှုများ၊ လူထုအဖွဲ့အစည်းများနှင့် တော်လှန်ရေး လုပ်ငန်းမှန်သမျှတွင် ပါဝင်ခေါင်းဆောင်မှုပေးရမည်။

**ပုဒ်မ ၅၅။** ကလပ်စည်းပါတီဝင်လုံးကျွတ် အစည်းအဝေးက နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပါတီကလပ်စည်းကော်မတီကို တနှစ်တကြိမ် ရွေးကောက်တင်မြှောက်ရမည်။ ထူးခြားသည့်အခြေအနေတွင် အထက်အဆင့် ပါတီအဖွဲ့အစည်း၏ သဘောတူညီချက်ကို ရယူကာ ရွေးကောက်ခြင်းကို အချိန်စော၍သော်လည်းကောင်း၊ နောက်ကျ၍သော်လည်းကောင်း ပြုလုပ်နိုင်သည်။

ကလပ်စည်း ကော်မတီဝင်များ၏ဦးရေကို ကလပ်စည်း၏ အရွယ်အစားအရ ဆုံးဖြတ်ရမည်။ ကလပ်စည်းကော်မတီ အတွင်းရေးမှူးတဦးနှင့် လိုအပ်ပါက ဒုအတွင်းရေးမှူးကိုပါ ရွေးကောက်ရမည်။ ကလပ်စည်းကော်မတီဝင်များအကြား လုပ်ငန်းတာဝန်ခွဲဝေမှုကို အခိုင်အမာ လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်ရမည်။

ကလပ်စည်းဝင်ဦးရေ ၇ ယောက်ထက်နည်းသော ကလပ်စည်းတခု

ကွန်ဂရက်တခုနှင့်တခု ကြားကာလတွင် ပါတီကွန်ဖရင့်များကို ခေါ်ဆိုနိုင်သည်။

**ပုဒ်မ ၅၂။** စစ်သေ၊ တပ်မ၊ တပ်မဟာ၊ တပ်ရင်း ပါတီကော်မတီများ၏ စုံညီအစည်းဝေးများကို အချိန်မှန်ခေါ်ဆိုရမည်။

တပ်မတော်ဘက်ဆိုင်ရာ အဆင့်ဆင့်ပါတီကော်မတီများသည် အတွင်းရေးမှူးနှင့် ဒုအတွင်းရေးမှူးများကို ရွေးကောက် တင်မြှောက်ရမည်။ လိုအပ်ပါက ပါတီကော်မတီများ၏ အမြဲတန်းကော်မတီကို ရွေးကောက်နိုင်သည်။ ယင်းသို့ ရွေးကောက်တင်မြှောက်လိုက်သော ပါတီကော်မတီ၏ အတွင်းရေးမှူး၊ ဒုအတွင်းရေးမှူးနှင့် ကျန်ကော်မတီအဖွဲ့ဝင်များကို အထက်အဆင့် ပါတီကော်မတီက အတည်ပြုရမည်။

## အခန်း (၆)
## ပါတီ၏ အခြေခံအဖွဲ့အစည်းများ။

**ပုဒ်မ ၅၃။** ပါတီ၏အခြေခံ အဖွဲ့အစည်းသည် ပါတီကလပ်စည်းဖြစ်သည်။ ကျေးရွာ၊ မြို့ရှိရပ်ကွက်၊ မြို့ကလေး၊ ကျောင်း၊ ရုံး၊ စက်ရုံ၊ သတ္တုတွင်း၊ စိုက်ပျိုးရေး လုပ်ခင်း၊ ထုတ်လုပ်ရေး သို့မဟုတ် လုပ်ငန်းဌာန၊ လက်နက်ကိုင်တပ်ဖွဲ့ (သာမန်အားဖြင့် တပ်ခွဲ၊ လိုအပ်လျှင် တပ်စု၊ ထူးခြားသောအခြေအနေတွင် တပ်စိတ်) တို့တွင် ပါတီဝင်အနည်းဆုံး ၃ ယောက် အများဆုံး ၃၀ ရှိပါက ပါတီကလပ်စည်း ဖွဲ့စည်းရမည်။ ပါတီဝင် ၃ ဦးမပြည့်ပါက နီးစပ်ရာ ပါတီ ကလပ်စည်းတွင် ပါဝင်ရမည်။

**ပုဒ်မ ၅၄။** ပါတီကလပ်စည်း၏ အဓိကတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီဝင်များအား မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဂရုတစိုက်လေ့လာစေရန်၊ ပြန်လည်ပြင်ဆင်ရေးဝါဒ၊ တရားသေဝါဒ၊ အတွေ့အကြုံဝါဒနှင့် ပစ္စည်းမဲ့မဆန်သော အတွေးအခေါ်၊ စည်းရုံးရေးနှင့် လုပ်ဟန်များကို ဝေဖန်ရန် ခေါင်းဆောင်ရမည်။

(ခ ) ပါတီဝင်များအား တွေးခေါ်မှုနှင့် နိုင်ငံရေးလမ်းစဉ်ဆိုင်ရာ ပညာပေးမှုပြုလုပ်ရမည်။ တွေးခေါ်မှုတိုက်ပွဲကို တက်ကြွမှန်ကန်စွာ ဆင်ခြင်းဖြင့် ပါတီတွင်းဘဝကို လန်းဆန်းစေရမည်။ လူတန်းစားရန်သူအပေါ် ပြတ်ပြတ်သားသား တိုက်ပွဲဆင်ရန် ခေါင်းဆောင်ရမည်။

(ဂ ) ပါတီပေါ်လစီများကို ဝါဒဖြန့်ချိအကောင်အထည်ဖော်ခြင်း၊



အပြည့်ပေးရန် မသင့်တော်ဟုတွေ့ရှိပါက ၎င်းကို အရန်ပါတီဝင်အဖြစ်မှ ရပ်စဲနိုင်သည်။ ပါတီကလပ်စည်း၏ ဆုံးဖြတ်ချက်ကို တဆင့်မြင့်သော ပါတီကော်မတီသို့ တင်ပြအတည်ပြုချက် ယူရမည်။

**ပုဒ်မ ၇။** အရန်ပါတီဝင်တဦး၏ အရန်ပါတီဝင်ကာလသည် သက်ဆိုင်ရာကလပ်စည်းပါတီဝင်လုံးကျွတ် အစည်းအဝေးက ၎င်းအား အရန်ပါတီဝင်အဖြစ် လက်ခံကြောင်း ဆုံးဖြတ်သည့်အချိန်မှ စတင်ပေသည်။

ပါတီဝင်တဦး၏ ပါတီသက်တမ်းသည် သက်ဆိုင်ရာကလပ်စည်းပါတီဝင်လုံးကျွတ်အစည်းအဝေးက ၎င်းအား အပြည့်ပါတီဝင်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်သည့်အချိန်မှ စတင်ပေသည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အရန်ပါတီဝင်သက်စေ့သော်လည်း ကလပ်စည်းပါတီဝင်လုံးကျွတ်အစည်းအဝေး မခေါ်နိုင်ပါက ခေါ်နိုင်သည့်အချိန်တွင် ကလပ်စည်းက ထိုရဲဘော်သည် အရန်ပါတီဝင်သက်စေ့သည့်နေ့ကစ၍ အပြည့်ဖြစ်သင့်သည်ဟု ယူဆပါက ပါတီသက်တမ်းကို အရံပါတီဝင်သက် ကုန်ဆုံးသည့်နေ့က စတွက်ရမည်။

**ပုဒ်မ ၈။** ပါတီအဖွဲ့အစည်းတခုမှ အခြားပါတီအဖွဲ့အစည်း တခုသို့ ပြောင်းရွှေ့လိုက်သော အပြည့်ပါတီဝင် သို့မဟုတ် အရန်ပါတီဝင်တဦးကို မူလအတိုင်းပင် အပြည့်ပါတီဝင် သို့မဟုတ် အရန်ပါတီဝင်အဖြစ် ပြောင်းရွှေ့လိုက်သော ပါတီအဖွဲ့အစည်းတွင် သတ်မှတ်ရမည်။

**ပုဒ်မ ၉။** ပါတီစည်းကမ်းကို ချိုးဖောက်သည့် ပါတီဝင်များကို အဆင့်အသီးသီးရှိ ပါတီအဖွဲ့အစည်းများသည် မိမိတို့၏ အလုပ်ဝတ္တရားနှင့် အခွင့်အာဏာဘောင်အတွင်း၌ တဦးစီ၏ အခြေအနေနှင့် လျော်ညီစွာ အောက်ပါစည်းကမ်းအရ အရေးယူနည်းများကို ကျင့်သုံးရမည်။

(က) သတိပေးခြင်း၊

(ခ ) ပြင်းထန်စွာသတိပေးခြင်း၊

(ဂ ) နောက်ဆုံးပိတ် သတိပေးခြင်း၊

(ဃ) ပါတီတာဝန်များမှ ချထားခြင်း၊

(င ) ပါတီတွင်းမှာထားပြီး ကြပ်မတ်ခြင်း၊

(စ ) ပါတီမှထုတ်ပစ်ခြင်း၊

ပါတီဝင်တယောက်အား ပါတီတွင်းမှာထားပြီး ကြပ်မတ်သည့် ကာလကို ၂နှစ်ထက်မပိုစေရ။ ဤအချိန်ကာလအတွင်း ၎င်းပါတီဝင်၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများမှာ ၎င်းပါတီဝင်သည် မဲပေးခွင့်၊ ရွေးကောက်ခွင့်နှင့် အရွေးခံခွင့်မရှိပေ။ အကယ်၍ ဤကာလအတွင်း ၎င်း၏အမှားများကို ပြုပြင်

ကြောင်း ထင်ရှားပါက ၎င်းအား မူလပါတီဝင်အခွင့်အရေးအားလုံး ပြန်လည်ပေးအပ်ရမည်။ ပါတီတွင်းမှာထားပြီး ကြပ်မတ်ကာလကို ၎င်း၏ပါတီသက်တမ်းတွင် ထည့်သွင်းရေတွက်ရမည်။ အကယ်၍ ဤကာလအတွင်း ပါတီဝင်အဖြစ် မသင့်တော်ကြောင်း တွေ့ရှိပါက ၎င်းအား ပါတီမှ ထုတ်ပယ်ရမည်။

**ပုဒ်မ ၁၀။** ပါတီဝင်တဦးအား စည်းကမ်းအရ အရေးယူခြင်းကို ၎င်းပါတီဝင်နှင့် သက်ဆိုင်သော ကလပ်စည်းပါတီဝင်လုံးကျွတ် အစည်းအဝေး သို့မဟုတ် ၎င်းပါတီဝင် ပါဝင်သော သက်ဆိုင်ရာယူနစ်က ဆုံးဖြတ်ရမည်။ တဆင့်မြင့်သော ပါတီကော်မတီက အတည်ပြုရမည်။

ထူးခြားသော အခြေအနေတွင် ကလပ်စည်း၏ အထက်အဆင့်ဖြစ်သော ပါတီကော်မတီသည် ပါတီဝင်တဦးအား စည်းကမ်းအရ အရေးယူနိုင်သည့် အခွင့်အာဏာရှိသည်။ သို့သော် တဆင့်မြင့်သော ပါတီကော်မတီက အတည်ပြုရမည်။

**ပုဒ်မ ၁၁။** ပါတီမှ နုတ်ထွက်ခွင့်တောင်းသည့် ပါတီဝင်ကို သက်ဆိုင်ရာ ကလပ်စည်း ပါတီဝင်လုံးကျွတ် အစည်းအဝေး သို့မဟုတ် ၎င်းပါတီဝင်ပါဝင်သော သက်ဆိုင်ရာယူနစ်၏ ဆုံးဖြတ်ချက်အရ ပါတီဝင်စာရင်းမှ ပယ်ဖျက်ရမည်။ ယင်းကလပ်စည်းထက် တဆင့်မြင့်သည့် ပါတီကော်မတီသို့ မှတ်တမ်းတင်ရန် အစီရင်ခံရမည်။

**ပုဒ်မ ၁၂။** တော်လှန်ရေးစိတ်ဓာတ် ယိုယွင်းပျက်စီးလာပြီး အကြိမ်ကြိမ်ပညာပေးသော်လည်း ပြုပြင်မှုမရှိသော ပါတီဝင်တယောက်အား သက်ဆိုင်ရာပါတီအဖွဲ့အစည်း၏ တာဝန်ပေးချက်အရ တာဝန်ခံတဦးဦးက ပါတီမှ နုတ်ထွက်ရန် ဖျောင်းဖျရမည်။ ဤသို့ ဖျောင်းဖျသဖြင့် နုတ်ထွက်ခွင့်တောင်းသည့် ပါတီဝင်ကို ပါတီဝင်စာရင်းမှ ပယ်ဖျက်ရာ၌၊ ပုဒ်မ ၁၁ တွင် ဖော်ပြထားသည့်အတိုင်း ကျင့်သုံးဆောင်ရွက်ရမည်။

**ပုဒ်မ ၁၃။** ပါတီဝင်တဦးသည် ခိုင်လုံသည့်အကြောင်းအချက်မရှိဘဲ အချိန်ကာလ ၆ လထက် ကျော်လွန်၍ ပါတီဘဝတွင် ပါဝင်မှုမှလည်းကောင်း၊ ပါတီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းမှလည်းကောင်း သို့တည်းမဟုတ် ပါတီကြေးပေးခြင်းကိုလည်းကောင်း ပျက်ကွက်ပါက ၎င်းသည် ပါတီမှ အလိုအလျောက် နုတ်ထွက်ပြီး ဖြစ်သည်ဟု သဘောထားရမည်။ သက်ဆိုင်ရာ ကလပ်စည်းပါတီဝင်လုံးကျွတ် အစည်းအဝေး သို့မဟုတ် ၎င်းပါတီဝင် ပါဝင်သော သက်ဆိုင်ရာယူနစ်၏ ဆုံးဖြတ်ချက်အရ ၎င်းကို ပါတီဝင်စာရင်းမှ



များကို ဆွေးနွေးဆုံးဖြတ်ခြင်း၊ လိုအပ်သည့်အခါ တိုင်းအဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် အဆင့်တွင် ပါတီကော်မတီ အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်၏ လေးပုံတပုံနှင့် ကျန်အဆင့်များတွင် ပါတီကော်မတီအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင် သုံးပုံတပုံထက်မပိုသော ပါတီကော်မတီအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များကို ပြောင်းလဲပစ်ခြင်း၊ အစားထိုးရွေးကောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

**ပုဒ်မ ၄၉။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ်ဒိုင်နယ်နှင့် ရပ်ကွက်ပါတီကွန်ဖရင့်များ၏ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ ပါတီကော်မတီအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များအား ပြောင်းလဲပစ်ခြင်း၊ အစားထိုးရွေး ကောက်ခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာအဆင့် အသီးသီးရှိ ပါတီကော်မတီက အတည်ပြုမှသာလျှင် တရားဝင်သည်။ ယင်းသို့ အတည်ပြုပြီးသော ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဒေသရှိ ပါတီအဖွဲ့အစည်းအားလုံးက လိုက်နာရမည်။

## အခန်း (၅)
## တပ်မတော်ဘက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများ

**ပုဒ်မ ၅၀။** တပ်မတော်ဘက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများ၏ စည်းရုံးရေးနှင့် ပါတီလုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း၏ အခန်း (၄)တွင် ဖော်ပြထားသော ဒေသဆိုင်ရာ ပါတီအဖွဲ့အစည်း များ၏ စည်းရုံးရေးနှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့် အတူတူပင်ဖြစ်သည်။

ပြည်သူ့တပ်မတော်မှ စစ်ဒေသ၊ တပ်မ၊ တပ်မဟာ၊ တပ်ရင်း ပါတီကွန်ဂရက်များနှင့် ယင်းကွန်ဂရက်များကရွေးကောက် တင်မြှောက်လိုက်သော အဆင့်ဆင့်ပါတီကော်မတီများသည် မိမိတို့၏ အထက်ဆင့် ပါတီအဖွဲ့အစည်း၏ ခေါင်းဆောင်မှုကို အသီးသီးနာခံရမည်။

**ပုဒ်မ ၅၁။** စစ်ဒေသနှင့် တပ်မပါတီကွန်ဂရက်များကို ၄ နှစ်တကြိမ်၊ တပ်မဟာပါတီကွန်ဂရက်များကို ၃ နှစ်တကြိမ်၊ တပ်ရင်း ပါတီကွန်ဂရက်ကို ၂ နှစ်တကြိမ်၊ တပ်ခွဲပါတီကွန်ဂရက်ကို တနှစ်တကြိမ်ခေါ်ဆိုရမည်။

ထူးခြားသောအခြေအနေတွင် သက်ဆိုင်ရာ ပါတီကော်မတီများသည် မိမိတို့၏အထက်ဆင့် ပါတီကော်မတီ၏ သဘောတူညီချက်ကို ရယူပြီး အထက်ဖော်ပြပါ ကွန်ဂရက်များကို အချိန်စော၍သော်လည်းကောင်း၊ နောက်ကျ၍သော်လည်းကောင်း ခေါ်ဆိုနိုင်သည်။

(င) သက်ဆိုင်ရာ ပါတီအဖွဲ့အစည်း၏ ဘဏ္ဍာရေးကို စစ်ဆေးခြင်း၊ သတ်မှတ်ခြင်း စသည်တို့ဖြစ်သည်။

**ပုဒ်မ ၄၅။** ကလပ်စည်း ၂ ခုအထက်ရှိသော ယူနစ်များတွင် မြို့မှာဆိုလျှင် ရပ်ကွက်ပါတီကော်မတီ၊ ကျေးလက်မှာဆိုလျှင် တိုက်နယ် သို့မဟုတ် ဒိုင်နယ် ပါတီကော်မတီ ဖွဲ့စည်းရမည်။

ရပ်ကွက်ပါတီကော်မတီ၊ ကျေးလက်မှာဆိုလျှင် တိုက်နယ်သို့မဟုတ် ဒိုင်နယ်ပါတီကော်မတီ ၂ခုအထက်ရှိသော ယူနစ်များတွင် မြို့နယ်ပါတီကော်မတီ ဖွဲ့စည်းရမည်။

မြို့နယ်ပါတီကော်မတီ ၂ခုအထက်ရှိသောယူနစ်များတွင် တိုင်းပါတီကော်မတီ ဖွဲ့စည်းရမည်။

**ပိုမ ၄၆။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ်ဒိုင်နယ်နှင့် ရပ်ကွက်ပါတီကော်မတီများ၏ စုံညီအစည်းအဝေးများတွင် နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အတွင်းရေးမှူးနှင့် ဒုအတွင်းရေးမှူးများကို ရွေးကောက်တင်မြှောက်ရမည်။ လိုအပ်ပါက ပါတီကော်မတီများ၏ အမြဲတမ်း ကော်မတီများကို ရွေးကောက်နိုင်သည်။ ပါတီကော်မတီ၏ အတွင်းရေးမှူး၊ ဒုအတွင်းရေးမှူးနှင့် ပါတီကော်မတီအဖွဲ့ဝင်များ ရွေးကောက်ခြင်းကို တဆင့်မြင့်သော ပါတီအဖွဲ့အစည်းက အတည်ပြုရမည်။ အဆင့်ဆင့်ပါတီကော်မတီ စုံညီအစည်းအဝေးများကို အချိန်မှန်မှန် ခေါ်ဆိုရမည်။

**ပုဒ်မ ၄၇။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ်ဒိုင်နယ်နှင့် ရပ်ကွက်ပါတီကော်မတီများသည် သက်ဆိုင်ရာ ဒေသအတွင်း မိမိတို့သက်ဆိုင်ရာ ပါတီကွန်ဂရက်များနှင့် မိမိတို့ထက် တဆင့်မြင့်သော ပါတီအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရမည်။ ပါတီအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်။ ပါတီကေဒါများကို နေရာချထားရမည်။ ပါတီဘဏ္ဍာရေးကို သတ်မှတ်ရမည်။ ပါတီပ အဖွဲ့အစည်းများရှိ ပါတီစိတ်များ၏ လုပ်ငန်းကိုရှေ့ဆောင် ရမည်။

**ပုဒ်မ ၄၈။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ်ဒိုင်နယ်နှင့် ရပ်ကွက်ပါတီကွန်ဂရက် တခုနှင့်တခုအကြားတွင် တဆင့်မြင့်သော ပါတီအဖွဲ့အစည်း၏ သဘောတူညီချက်အရ အောက်အဆင့် ပါတီအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်သော ပါတီကွန်ဖရင့်များ ခေါ်ဆိုနိုင်သည်။ ယင်းပါတီကွန်ဖရင့်များတွင် သက်ဆိုင်ရာဒေသ၏ လုပ်ငန်း



ပယ်ဖျက်ရမည်။ တဆင့်မြင့်သော ပါတီကော်မတီသို့ မှတ်တမ်းတင်ရန် အစီရင်ခံရမည်။

**ပုဒ်မ ၁၄။** သက်သေသာဓက ခိုင်လုံသော သစ္စာဖောက်များ၊ ရန်သူ့သူလျှိုများ၊ ဆုတ်ယုတ်ပျက်စီးသွားသူများကို ပါတီမှထုတ်ပစ်ရမည်။ ပါတီဝင်အဖြစ် ထပ်မံလက်မခံရ။ ရန်သူ့ထံ လက်နက်ချသော ပါတီဝင်များကို ပါတီဝင်အဖြစ် ပြန်လည်လက်မခံရ။

**ပုဒ်မ ၁၅။** ပါတီမှ ထုတ်ပစ်ခြင်းသည် ပါတီတွင်းစည်းကမ်းအရ အရေးယူမှုများ အနက် အပြင်းထန်ဆုံးပင်ဖြစ်သည်။ ပါတီမှထုတ်ပစ်ခြင်း အပါအဝင် ပါတီဝင် တဦးဦးအား မည်သို့သော အရေးယူသည့် ဆုံးဖြတ်ချက်ကိုမဆို ချမှတ်သည့် အခါ သို့မဟုတ် အတည်ပြုသည့်အခါတွင် ပါတီအဖွဲ့အစည်းအားလုံးသည် အထူးတလည် ဂရုပြုရမည်။ သက်ဆိုင်ရာကိစ္စနှင့် ပတ်သက်သော အချက်အလက်များနှင့် ရုပ်ဝတ္ထုအရ သက်သေသာဓကများကို အပြည့်အဝ စုံစမ်းလေ့လာရမည်။ သက်ဆိုင်ရာပါတီဝင်၏ ထုချေချက်များကို ဂရုတစိုက် ကြားနာရမည်။

## အခန်း (၂)
## ပါတီ၏ စည်းရုံးရေးမူများနှင့် စည်းရုံးရေး အဆောက်အအုံ ။

**ပုဒ်မ ၁၆။** ပါတီ၏စည်းရုံးရေးမူသည် ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်ဖြစ်သည်။ ၎င်းမူအရ ပါတီကိုစည်းရုံးဖွဲ့စည်းထားသည်။

ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်သည် ဒီမိုကရေစီအခြေခံပေါ်တွင် တည်ဆောက်ထားသော ဗဟိုချုပ်ကိုင်မှု ဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုအောက်တွင် ကျင့်သုံးသော ဒီမိုကရေစီ ဖြစ်သည်။ ပါတီ၏ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်သည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်နှင့် ပါတီ၏ အထွေထွေ လုပ်ငန်းစဉ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနှင့် ပေါ်လစီများ၏ အခြေခံပေါ်တွင် ပါတီအား တစည်းတလုံးတည်း ဖြစ်ရေးအတွက် မရှိမဖြစ်သော အခြေခံအာမခံချက် ဖြစ်သည်။

ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်၏ အခြေခံအကြောင်းအချက်များ ကားအောက်ပါအတိုင်း ဖြစ်သည်။

(က) အဆင့်အသီးသီးရှိ ပါတီ၏ ခေါင်းဆောင်အဖွဲ့အစည်းများကို ဒီမိုကရေစီကျကျ ညှိနှိုင်းတိုင်ပင်၍ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ပါတီဝင်တဦးတယောက်သည် ပါတီအဖွဲ့အစည်းကို နာခံရမည်။

အနည်းစုသည် အများစုကို နာခံရမည်။

အောက်အဆင့် ပါတီအဖွဲ့အစည်းသည် အထက်အဆင့် ပါတီအဖွဲ့အစည်းကို နာခံရမည်။

ပါတီတရပ်လုံးသည် ဗဟိုကော်မတီကို နာခံရမည်။

(ဂ) ပါတီ၏ စည်းကမ်းများကို အဆင့်အသီးသီးရှိ ခေါင်းဆောင်များ အပါအဝင် ပါတီဝင်တိုင်း တင်းကြပ်စွာ လိုက်နာရမည်။

ပါတီ၏ ဆုံးဖြတ်ချက်များကို ပါတီဝင်တိုင်းက ချွင်းချက်မရှိ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ပြည်လုံးကျွတ် ပါတီကွန်ဂရက်သည် တပါတီလုံး၏ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည်။ ဒေသဆိုင်ရာ ပါတီကွန်ဂရက်သည် သက်ဆိုင်ရာဒေသ ပါတီ၏ အာဏာပိုင်ဖြစ်သည်။ ၎င်းဒေသဆိုင်ရာ ပါတီကွန်ဂရက်များ ကို အထက်ပါတီအဖွဲ့အစည်းက တိုက်ရိုက်ခေါင်းဆောင်သွားရမည်။

ပြည်လုံးကျွတ်ပါတီကွန်ဂရက်သည် ဗဟိုကော်မတီကို ရွေးကောက်တင်မြှောက်၍ ဒေသဆိုင်ရာ ပါတီကွန်ဂရက်များသည် ဒေသဆိုင်ရာ ပါတီကော်မတီအသီးသီးကို ရွေးကောက်တင်မြှောက်သည်။ ဗဟိုကော်မတီ နှင့် ဒေသဆိုင်ရာ ပါတီကော်မတီများသည် သက်ဆိုင်ရာ ပါတီကွန်ဂရက် အသီးသီး သို့ တာဝန်ခံရမည်ဖြစ်ပြီး မိမိတို့၏ လုပ်ငန်းများကို သက်ဆိုင်ရာကွန်ဂရက်သို့လည်းကောင်း၊ သက်ဆိုင်ရာ ပါတီဝင်လုံးကျွတ်အစည်းအဝေးသို့လည်းကောင်း အစီရင်ခံရမည်။

(င) ပါတီ၏အဆင့်ဆင့် ခေါင်းဆောင်အဖွဲ့အစည်းများနှင့် ခေါင်းဆောင်ကေဒါများသည် အောက်အဆင့် ပါတီအဖွဲ့အစည်းများနှင့် ပါတီတွင်း၊ ပါတီပလူထုများ၏ ထင်မြင်ချက်များကို အမြဲတန်းကြားနာရမည်။ ၎င်းတို့၏ ခေါင်းဆောင်အဖွဲ့အစည်းများနှင့် ခေါင်းဆောင်ကေဒါများကို ချစ်ခင်မြတ်နိုးသော စိတ်ဓာတ်ဖြင့် ကြီးကြပ်မှုအား အဆင့်ဆင့် ခေါင်းဆောင်အဖွဲ့အစည်းများနှင့် ခေါင်းဆောင်ကေဒါများက လေးစားစွာ ခံယူရမည်။ ၎င်းတို့၏ အတွေ့အကြုံများကို လေ့လာပြီး ပြဿနာများကို အချိန်မီ ဖြေရှင်းပေးရမည်။ ခေါင်းဆောင်မှုပေးရမည်။

(စ) အောက်အဆင့် ပါတီအဖွဲ့အစည်းများသည် အထက်အဆင့် ပါတီအဖွဲ့အစည်းများသို့ မိမိတို့၏ လုပ်ငန်းများနှင့် ပတ်သက်၍ အချိန်မှန်စနစ်တကျ အစီရင်ခံရမည်။ ၎င်းအပြင် အထက်အဆင့် ပါတီအဖွဲ့ အစည်း



ရွေးကောက်တင်မြှောက်လိုက်သော အဆင့်ဆင့် ပါတီကော်မတီများသည် မိမိတို့ထက် တဆင့်မြင့်သော ပါတီအဖွဲ့အစည်း၏ ခေါင်းဆောင်မှုကို အသီးသီး နာခံရမည်။

**ပုဒ်မ ၄၃။** တိုင်းပါတီကော်မတီနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ကော်မတီများ၏ သက်ဆိုင်ရာ ပါတီကွန်ဂရက်များကို ၄ နှစ်တကြိမ် ခေါ်ဆိုရမည်။ ခရိုင်ပါတီကော်မတီက ခရိုင်ပါတီကွန်ဂရက်ကို ၃ နှစ်တကြိမ် ခေါ်ဆိုရမည်။ မြို့နယ်ပါတီကော်မတီက မြို့နယ်ပါတီကွန်ဂရက်ကို ၂ နှစ်တကြိမ် ခေါ်ဆိုရမည်။ တိုက်နယ်သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက် ပါတီကော်မတီများက တိုက်နယ် သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက်ပါတီကွန်ဂရက်များကို တနှစ်တကြိမ် ခေါ်ဆိုရမည်။

ထူးခြားသောအခြေအနေတွင် သက်ဆိုင်ရာ ပါတီကော်မတီများသည် မိမိတို့၏ အထက်ဆင့်ပါတီကော်မတီ၏ သဘောတူညီချက်ကို ရယူပြီး အထက်ဖော်ပြပါ ကွန်ဂရက်များကို အချိန်စော၍သော်လည်းကောင်း၊ နောက်ကျ၍သော်လည်းကောင်း ခေါ်ဆိုနိုင်သည်။

မိမိလက်အောက်ရှိ ပါတီအဖွဲ့အစည်း ထက်ဝက်ကျော်က တောင်းဆိုပါက၊ သို့မဟုတ် မိမိတို့၏ အထက်ဆင့် ပါတီကော်မတီက ညွှန်ကြားပါက၊ သက်ဆိုင်ရာ ပါတီကော်မတီသည် သက်ဆိုင်ရာကွန်ဂရက်ကို ခေါ်ဆိုပေးရမည်။

ကွန်ဂရက်သို့တက်ရောက်ရမည့် ကိုယ်စားလှယ်ဦးရေနှင့် ၎င်းတို့ကို ရွေးချယ်သည့်နည်းနာများကို သက်ဆိုင်ရာ ပါတီကော်မတီက ဆုံးဖြတ်ရမည်။ မိမိတို့ထက် တဆင့်မြင့်သော ပါတီအဖွဲ့အစည်းက အတည်ပြုရမည်။

**ပုဒ်မ ၄၄။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက်ပါတီ ကွန်ဂရက်များ၏ လုပ်ငန်းတာဝန်နှင့် အခွင့်အာဏာများသည်...

(က) သက်ဆိုင်ရာ ပါတီကော်မတီနှင့် သက်ဆိုင်ရာပါတီဌာနများ၏ အစီရင်ခံစာများကို ကြားနာ၊ ဆွေးနွေး၊ အတည်ပြုရမည်။

(ခ) မိမိတို့ဒေသဆိုင်ရာ ပြဿနာများ၊ လုပ်ငန်းများကို ဆွေးနွေးဆုံးဖြတ်ခြင်း။

(ဂ) သက်ဆိုင်ရာပါတီကော်မတီကို ရွေးကောက်တင်မြှောက်ခြင်း။

(ဃ) တဆင့်မြင့်သော ပါတီကော်မတီက ၎င်း၏ကွန်ဂရက်သို့ တက်ရောက်ရန်အတွက် ကိုယ်စားလှယ်ရွေးဖို့ ညွှန်ကြားချက်ရှိပါက ကိုယ်စားလှယ်များ ရွေးကောက်ခြင်း။

ကို ပြောင်းလဲပစ်ရေးနှင့် ၎င်းတို့နေရာတွင် အရန်ဗဟိုကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ရေးအတွက်လည်းကောင်း ခေါ်ဆိုနိုင်ပေသည်။

**ပုဒ်မ ၄၀။** ပြည်လုံးကျွတ် ပါတီကွန်ဖရင့်သို့ တက်ရောက်မည့် ကိုယ်စားလှယ်များ ကို တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် ပါတီကော်မတီများ၊ တိုင်းအဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်အဆင့်ရှိ ပါတီကော်မတီများ၊ ဗဟိုဌာနချုပ်၊ ဌာနခွဲများရှိ ပါတီကော်မတီများ၏ စုံညီအစည်းအဝေးများမှ အသီးသီး ရွေးကောက်ရမည်။ ကိုယ်စားလှယ်ဦးရေကို ဗဟိုကော်မတီက ဆုံးဖြတ် သတ်မှတ်ရမည်။ အထက်တွင်ဖော်ပြသည့် ကိုယ်စားလှယ်များအပြင် တိုးချဲ့ရန် လိုအပ်ပါက ဗဟိုကော်မတီက ထပ်မံသတ်မှတ်နိုင်သည်။

ပြည်လုံးကျွတ်ပါတီကွန်ဖရင့်သို့ တိုင်းအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်အဆင့်နှင့် ဗဟို၏ တိုက်ရိုက်ခေါင်းဆောင်မှုအောက်ရှိ ပါတီကော်မတီ ဦးရေ၏ ထက်ဝက်ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်မှသာလျှင် ယင်းပြည်လုံးကျွတ် ပါတီကွန်ဖရင့်သည် အထမြောက်သည်။

**ပုဒ်မ ၄၁။** ပြည်လုံးကျွတ် ပါတီကွန်ဖရင့်မှ ချမှတ်သော ဆုံးဖြတ်ချက်များကို လည်းကောင်း၊ ပြည်လုံးကျွတ် ပါတီကွန်ဖရင့်က ဗဟိုကော်မတီဝင်များနှင့် အရန်ဗဟိုကော်မတီဝင်များကို ပြောင်းလဲပစ်ခြင်းနှင့် ရွေးကောက်ခြင်းကို လည်းကောင်း၊ ပါတီဗဟိုကော်မတီက အတည်ပြုပြီးမှသာလျှင် တရားဝင်သည်။

ပါတီဗဟိုကော်မတီကအတည်ပြုပြီးသော ပြည်လုံးကျွတ် ပါတီကွန်ဖရင့်၏ဆုံးဖြတ်ချက်မှန်သမျှကို ပါတီအဖွဲ့အစည်းအားလုံးက လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း(၄)

## တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက် ပါတီအဖွဲ့အစည်းများ။

**ပုဒ်မ ၄၂။** တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်၊ သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက် ပါတီကွန်ဂရက်များနှင့် ယင်းကွန်ဂရက်များက



များက အဆုံးအဖြတ်ပေးရန် လိုအပ်သော ကိစ္စများအတွက် အထက် အဆင့် ပါတီအဖွဲ့အစည်းများထံမှ ညွှန်ကြားချက် တောင်းခံရမည်။ အထက်အဆင့် ပါတီအဖွဲ့အစည်းများသည်လည်း အောက်အဆင့် ပါတီအဖွဲ့အစည်းများ အား အချိန်မှန်ပြန်လည် အစီရင်ခံရမည်။ သက်ဆိုင်ရာယူနစ်များ အတွင်းတွင် အပြန်အလှန် အစီရင်ခံမှုများ ပြုလုပ်ရမည်။

ထို့အပြင် အထက်အဖွဲ့အစည်းများသည် မိမိ၏ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များကို အောက်အဖွဲ့အစည်းများက တကယ်တမ်း လိုက်နာ မလိုက်နာ ဆိုသည်ကို စစ်ဆေးရမည်။

(ဆ) ပါတီဝင်များ၏ ထင်မြင်ချက်ပေးခြင်း၊ ဝေဖန်ခြင်းကို တားဆီး၊ ဖိနှိပ်၊ လက်စားချေခြင်းများကို မည်သည့်နည်း မည်သည့်သဏ္ဍာန်နှင့်မှ ခွင့်မပြုပေ။ ပါတီတွင်းဘဝတွင် ဗဟိုချုပ်ကိုင်မှုလည်းရှိ ဒီမိုကရေစီလည်းရှိသော၊ စည်းကမ်းလည်းရှိ လွတ်လပ်မှုလည်းရှိသော၊ စိတ်ဆန္ဒညီညွတ်မှုလည်းရှိ ပုဂ္ဂိုလ်အရ စိတ်ချမ်းသာမှုနှင့် ရှင်လန်းမှုလည်းရှိသော နိုင်ငံရေးအခြေအနေ တရပ် ပေါ်ပေါက်လာအောင် ပြုလုပ်ရမည်။

(ဇ) ပါတီလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပါတီအဖွဲ့အစည်း မှန်သမျှသည် စုပေါင်းခေါင်းဆောင်မှုနှင့် တဦးခြင်းတာဝန်ယူမှု ပေါင်းစပ်ထားသောမှုကို ကျင့်သုံးရမည်။ မူကျသောပြဿနာနှင့် အရေးကြီးသော ပြဿနာမှန်သမျှ စုပေါင်းဆွေးနွေးပြီး ဆုံးဖြတ်ရမည်။ ထိုဆုံးဖြတ်ချက်များကို လက်တွေ့ ဆောင်ရွက်ရာ၌ တဦးချင်းကတာဝန်ယူ၍ မိမိဆိုင်ရာ လုပ်ငန်း အဝန်းအဝိုင်း အတွင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိသည်။

**ပုဒ်မ ၁၇။** ပါတီအဖွဲ့အစည်းများကို ဒေသအရ၊ စစ်တပ်အရနှင့် ထုတ်လုပ်ရေး ဌာန သို့မဟုတ် လုပ်ငန်းဌာနများအရ ဖွဲ့စည်းရမည်။

ဒေသ၊ စစ်တပ်၊ ထုတ်လုပ်ရေးဌာနသို့မဟုတ် လုပ်ငန်းဌာနတခုတွင် ပါတီလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ပါတီအဖွဲ့အစည်းသည် ထိုဒေသ၊ စစ်တပ်၊ ထုတ်လုပ်ရေးဌာနသို့မဟုတ်လုပ်ငန်းဌာနရှိ အခြားအဖွဲ့အစည်း အားလုံး၏ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်။

**ပုဒ်မ ၁၈။** ပါတီ၏စည်းရုံးရေး အဆောက်အအုံသည် အောက်ပါအတိုင်း ဖြစ်သည်။

(က) ဗမာပြည်တပြည်လုံးအတွက် ပြည်လုံးကျွတ်ကွန်ဂရက်၊ ဗဟိုကော်မတီနှင့် ပြည်လုံးကျွတ်ပါတီကွန်ဖရင့်။

(ခ) တိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်

သို့မဟုတ် ဒိုင်နယ်နှင့် ရပ်ကွက်များအတွက် အဆင့်ဆင့်ကွန်ဂရက်များ၊ အဆင့်ဆင့်ပါတီကော်မတီများနှင့် အဆင့်ဆင့်ပါတီကွန်ဖရင့်များ။

(ဂ) ကျေးရွာ၊ မြို့ရှိရပ်ကွက်၊ မြို့ကလေး၊ ကျောင်း၊ ရုံး၊ စက်ရုံ၊ သတ္တုတွင်း၊ စိုက်ပျိုးရေးလုပ်ခင်း၊ ထုတ်လုပ်ရေးသို့မဟုတ် လုပ်ငန်းဌာန၊ လက်နက်ကိုင်တပ်ဖွဲ့ (သာမန်အားဖြင့် တပ်ခွဲ၊ လိုအပ်လျှင်တပ်စု ထူးခြားသည့် အခြေအနေတွင် တပ်စိတ်) စသည်တို့တွင် ကလပ်စည်းပါတီဝင်လုံးကျွတ် အစည်းအဝေး၊ ကလပ်စည်းကော်မတီ ဟူ၍ဖြစ်သည်။

**ပုဒ်မ ၁၉။** ပါတီကလပ်စည်း၏ အာဏာပိုင်သည် ကလပ်စည်းပါတီဝင်လုံးကျွတ်အစည်းအဝေးဖြစ်သည်။ ရပ်ကွက်၊ တိုက်နယ် သို့မဟုတ် ဒိုင်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်အဆင့်များ၏ အာဏာပိုင်သည် သက်ဆိုင်ရာ အဆင့်ဆင့်များ၏ ပါတီကွန်ဂရက်များဖြစ်သည်။ ပါတီတရပ်လုံး၏ အမြင့်ဆုံးအာဏာပိုင်သည် ပြည်လုံးကျွတ်ကွန်ဂရက် ဖြစ်သည်။

အဆင့်အသီးသီး ပါတီကွန်ဂရက်များ တခုနှင့်တခုအကြားတွင် ထိုပါတီကွန်ဂရက်များက ရွေးကောက် တင်မြှောက်လိုက်သော ပါတီကော်မတီများသည် သက်ဆိုင်ရာ အဆင့်အသီးသီး ပါတီအဖွဲ့အစည်းများ၏ အာဏာပိုင်အဖွဲ့အစည်းများ ဖြစ်ရမည်။

**ပုဒ်မ ၂၀။** ဖြစ်နိုင်သည့် နေရာတိုင်းတွင် ပါတီအဆင့်အသီးသီးရှိ ခေါင်းဆောင်အဖွဲ့အစည်းများကို သက်ဆိုင်ရာ ပါတီကွန်ဂရက်များမှ ရွေးကောက်တင်မြှောက်ရမည်။ ပါတီကွန်ဂရက်ခေါ်ဆိုရန် သို့မဟုတ် ပါတီဝင်လုံးကျွတ်အစည်းအဝေး ခေါ်ဆိုရန် အခြေအနေက ခွင့်မပြုသောအခါမှသာလျှင် ပါတီကွန်ဖရင့်က ရွေးကောက်တင်မြှောက်ရမည်။ သို့မဟုတ် တဆင့်မြင့်သော ပါတီအဖွဲ့အစည်းက စည်းရုံးရေးမှူး သို့မဟုတ် စည်းရုံးရေးကော်မတီများကို ခန့်အပ်ရမည်။

**ပုဒ်မ ၂၁။** အဆင့်တိုင်းရှိ ပါတီကော်မတီများကို ရွေးကောက်ရာတွင် စနစ်တကျပြင်ဆင်ထားသော အရွေးခံမည့်သူစာရင်းကို အခြေပြု၍ ဒီမိုကရေစီနည်းအရ ရွေးကောက် တင်မြှောက်ရမည်။ ရွေးကောက်သူများသည် အရွေးခံမည့်သူစာရင်းမှ မည်သူတဦးတယောက်ကိုမဆို ဝေဖန်ခွင့်၊ ကန့်ကွက်ခွင့်နှင့် လဲလှယ်ခွင့်ရှိသည်။

**ပုဒ်မ ၂၂။** ကွန်ဂရက်ခေါ်ဆိုရန် အခြေအနေကခွင့်မပြုလျှင် အဆင့်ဆင့်ပါတီကော်မတီများသည် ပါတီပေါ်လစီများကို ညှိနှိုင်းချမှတ်နိုင်ရန်နှင့် လိုအပ်ပါက ပါတီခေါင်းဆောင်အဖွဲ့အစည်းများ၏ တစိတ်တပိုင်းကို ပြောင်းလဲပြစ်ရန်နှင့် အစားထိုး ရွေးကောက်နိုင်ရန်အတွက် အဆင့်မြင့်ပါတီကော်မတီ၏



အဖွဲ့ဝင်များ ပါဝင်တက်ရောက်စေရမည်။ အရန်ဗဟိုကော်မတီ အဖွဲ့ဝင်များသည် ဗဟိုကော်မတီစည်းဝေးများတွင် မဲပေးခွင့်မှအပ ကျန်ဗဟိုကော်မတီဝင်များနှင့် အခွင့်အရေးထပ်တူဖြစ်သည်။

ဗဟိုကော်မတီထက်ဝက်ကျော် တက်ရောက်လျှင် ပါတီဗဟိုကော်မတီ စုံညီအစည်းအဝေးသည် အထမြောက်ပေသည်။

**ပုဒ်မ ၂၇။** ဗဟိုကော်မတီအစည်းအဝေးက ဗဟိုကော်မတီတွင် အဖွဲ့ဝင်နေရာများ လစ်လပ်ပါက အရန်ဗဟိုကော်မတီဝင်များအထဲမှ ရွေးကောက်တင်မြှောက်ပြီး ဖြည့်ရမည်။

**ပုဒ်မ ၂၈။** ပါတီဗဟိုကော်မတီ စုံညီအစည်းအဝေးသည် ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ‘ဥက္ကဋ္ဌများနှင့် ဗဟိုအတွင်းရေးမှူးအဖွဲ့ကို ရွေးကောက်တင်မြှောက်ရမည်။

ဗဟိုကော်မတီ စုံညီအစည်းအဝေး တခုနှင့်တခုအကြားတွင် ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗဟိုကော်မတီ လုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရမည်။

ဗဟိုကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများသည် နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ ဖြစ်ရမည်။ ဥက္ကဋ္ဌသည် ဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌဖြစ်ရမည်။ ဥက္ကဋ္ဌသည် ဗဟိုအတွင်းရေးမှူးအဖွဲ့ကို ခေါင်းဆောင်ရမည်။

ဗဟိုကော်မတီ၏ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့၏ ခေါင်းဆောင်မှုအောက်တွင် ပါတီလုပ်ငန်း၊ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းနှင့် စစ်ရေးစစ်ရာလုပ်ငန်းများ၏ နေ့စဉ်ဝတ္တရားကို တညီတညွတ်တည်း ဆောင်ရွက်နိုင်ရန်အတွက် လူနည်းနည်းဖြင့်ထိရောက်စွာ အလုပ်လုပ်နိုင်သည့် လိုအပ်သောဌာနများ (ဥပမာ စည်းရုံးရေးဌာန၊ ဝါဒဖြန့်ချိ ပညာပေးရေးဌာန စသည်) ကော်မရှင်များ (ဥပမာ စစ်ကော်မရှင်၊ ပါတီသတင်းစာ၊ ဂျာနယ်ထုတ်ဝေရေး ကော်မရှင် စသည်) နှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်။

**ပုဒ်မ ၂၉။** ပြည်လုံးကျွတ် ပါတီကွန်ဂရက် တခုနှင့်တခုအကြားတွင် အောက်အဆင့်ပါတီကော်မတီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သော ပြည်လုံးကျွတ် ပါတီကွန်ဖရင့်များကို ဗဟိုကော်မတီက ခေါ်ဆိုနိုင်သည်။ ယင်းပါတီကွန်ဖရင့်များကို မျက်မှောက်အခြေအနေတွင် ကျင့်သုံးရမည့် ပါတီပေါ်လစီများနှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးဆုံးဖြတ်ရေးအတွက်လည်းကောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင် စုစုပေါင်း၏ငါးပုံတပုံထက်မပိုသော ဗဟိုကော်မတီဝင်နှင့် အရန်ဗဟိုကော်မတီဝင်များ

(ခ ) ပါတီအထွေထွေလုပ်ငန်းစဉ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနှင့် ပေါ်လစီများကို ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်း။

(ဂ ) ပါတီကော်မတီ အဖွဲ့ဝင်နှင့် အရန်ဗဟိုကော်မတီအဖွဲ့ဝင် ဦးရေကို သတ်မှတ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း။

(ဃ) ပါတီဘဏ္ဍာရေးကို စစ်ဆေးခြင်း၊ သတ်မှတ်ခြင်း စသည်တို့ဖြစ်သည်။

**ပုဒ်မ ၃၃။** ပြည်လုံးကျွတ်ပါတီကွန်ဂရက် ခေါ်ဆိုနိုင်သည့် အခြေအနေလည်းမရှိ၊ ပါတီဗဟိုကော်မတီကို တိုးချဲ့ဖွဲ့စည်းရန် အပူတပြင်း တောင်းဆိုနေသော အရေးတကြီး အခြေအနေမျိုးတွင် ဗဟိုကော်မတီသည် တိုးချဲ့ဗဟိုကော်မတီ အစည်းအဝေးခေါ်ဆိုပြီး ဗဟိုကော်မတီတိုးချဲ့ ဖွဲ့စည်းခြင်းကို ချွင်းချက်အနေဖြင့် ပြုလုပ်နိုင်သည်။

**ပုဒ်မ ၃၄။** ပြည်လုံးကျွတ် ကွန်ဂရက်တခုနှင့် တခုအကြားတွင် ဗဟိုကော်မတီသည် ပါတီ၏ လုပ်ငန်းအားလုံးကို ဦးစီးရှေ့ဆောင်သည်။ ပြည်လုံးကျွတ်ကွန်ဂရက်၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည်။ အခြားပါတီများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ပါတီကို ကိုယ်စားပြုသည်။ ပါတီ၏လုပ်ငန်းဌာနအမျိုးမျိုးကို ဖွဲ့စည်း၍ ၎င်းတို့၏လုပ်ငန်းများကို ရှေ့ဆောင်သည်။ ပါတီကေဒါများကို အုပ်ချုပ်သည်။ နေရာချထားသည်။

ပါတီဗဟိုကော်မတီသည် တပြည်လုံး လက္ခဏာဆောင်သော ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူထုအဖွဲ့အစည်းများ၏ လုပ်ငန်းကို ၎င်းအဖွဲ့အစည်းများအတွင်းရှိ ပါတီများမှတဆင့် ရှေ့ဆောင်သည်။

**ပုဒ်မ ၃၅။** ပြည်သူ့တပ်မတော်အတွင်းရှိ ပါတီအဖွဲ့အစည်းများသည် ပါတီဗဟိုကော်မတီ၏ ညွှန်ကြားချက်များအရ လုပ်ဆောင်ရမည်။ ပါတီဗဟိုကော်မတီ၏ ခေါင်းဆောင်မှုအောက်ရှိ ပြည်သူ့တပ်မတော်၏ ဗဟိုနိုင်ငံရေးဌာနသည် တပ်တွင်းပါတီ၏ အတွေးအခေါ်နှင့် စည်းရုံးရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည်။

**ပုဒ်မ ၃၆။** ပါတီဗဟိုကော်မတီ စုံညီအစည်းအဝေးကို ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့က ခေါ်ဆိုရမည်။ ၎င်းအပြင် ဗဟိုကော်မတီ ထက်ဝက်ကျော်က ဗဟိုကော်မတီ စုံညီအစည်းအဝေး ခေါ်ဆိုပေးဖို့ အကြောင်းအချက်များနှင့် တင်ပြပါက နိုင်ငံရေးဦးဆောင်အဖွဲ့က ဗဟိုကော်မတီ စုံညီအစည်းအဝေးကို ခေါ်ဆိုပေးရမည်။

ပါတီဗဟိုကော်မတီ စုံညီအစည်းအဝေးတွင် အရန်ဗဟိုကော်မတီ



သဘောတူညီချက်ဖြင့် ပါတီကွန်ဖရင့်များ ခေါ်ဆိုနိုင်သည်။

ပါတီကွန်ဖရင့်သည် သက်ဆိုင်ရာအဆင့်ရှိ ပါတီကော်မတီ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်၍ သက်ဆိုင်ရာ ပါတီကော်မတီတွင် ပါတီကွန်ဖရင့်၏ ဆုံးဖြတ်ချက်များကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် အခွင့်အာဏာရှိသည်။

**ပုဒ်မ ၂၃။** တဆင့်မြင့်သော ပါတီအဖွဲ့အစည်း၏ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချပြရန် သို့မဟုတ် ဆွေးနွေးရန်အတွက်လည်းကောင်း၊ မိမိလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် လုပ်ငန်းအစီအစဉ်များ ချမှတ်ရန်အတွက်လည်းကောင်း၊ အဆင့်အသီးသီးရှိ ပါတီအဖွဲ့အစည်းများသည် ပါတီဝင်ကေဒါ အစည်းအဝေးများကိုသော်လည်းကောင်း၊ တိုးချဲ့အစည်းအဝေးများကိုသော်လည်းကောင်း ခေါ်ဆိုကျင်းပနိုင်သည်။

**ပုဒ်မ ၂၄။** တပြည်လုံး လက္ခဏာဆောင်သော ပြဿနာများ၊ ပေါ်လစီများ သို့မဟုတ် တပြည်လုံးအတွက် တညီတညွတ်တည်း ဆုံးဖြတ် ချမှတ်ရန် လိုအပ်သော ပြဿနာများကို ဗဟိုချုပ်ကိုင်မှုနှင့် ပါတီ၏စည်းလုံးညီညွတ်မှုကို အကျိုးပြုရန်အတွက် ပါတီဗဟိုကော်မတီက ဆွေးနွေး၊ ဆုံးဖြတ်၊ ထုတ်ပြန်ခြင်း ပြုရမည်။

ဗဟိုကော်မတီက ဆုံးဖြတ်ထုတ်ပြန်ခြင်း မပြုမီကာလတွင် ဌာနဆိုင်ရာနှင့် အောက်အဆင့် ပါတီအဖွဲ့အစည်းများကလည်းကောင်း၊ ၎င်းအဖွဲ့အစည်းများ၏ တာဝန်ခံများကလည်းကောင်း မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းများအတွင်းတွင် မိမိတို့အချင်းချင်း ဆွေးနွေးခြင်းပြုနိုင်သည်။ ပါတီဗဟိုကော်မတီသို့ မိမိတို့၏ ထင်မြင်ချက်များကို တင်ပြနိုင်သည်။ သို့သော်လည်း မိမိတို့၏ ထင်မြင်ချက်များ၊ သဘောထားများကို ဆုံးဖြတ်ချက်ချမှတ်ခြင်းသော်လည်းကောင်း၊ အခြားပါတီအဖွဲ့အစည်းများ၊ အောက်အဆင့် ပါတီအဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ အပြင်ပသို့ ထုတ်ပြန်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

**ပုဒ်မ ၂၅။** ဒေသလက္ခဏာဆောင်သော ပြဿနာများ သို့မဟုတ် ဒေသအဝန်းအဝိုင်းအတွင်း ဆုံးဖြတ်ရန်လိုအပ်သော ပြဿနာများကို ဒေသအခြေအနေနှင့် ကိုက်ညီစေရန်အတွက် ဒေသဆိုင်ရာပါတီအဖွဲ့အစည်းများက လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ယင်းဆုံးဖြတ်ချက်များသည် မိမိ၏ အထက်အဆင့် ပါတီကော်မတီ၏ ဆုံးဖြတ်ချက်များနှင့်လည်းကောင်း၊ သို့တည်းမဟုတ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များနှင့်လည်းကောင်း မဆန့်ကျင်စေရ။

**ပုဒ်မ ၂၆။** ပါတီပေါ်လစီနှင့်ပတ်သက်၍ ပါတီ၏ခေါင်းဆောင်အဖွဲ့အစည်းများက ဆုံးဖြတ်ချက်မချမီ အောက်အဆင့်ပါတီအဖွဲ့ အစည်းများနှင့် ပါတီကော်မတီဝင်များသည် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများနှင့် ပါတီအစည်းအဝေးများတွင် လွတ်လပ်စွာ ဆွေးနွေးနိုင်သည်။ သက်ဆိုင်ရာ ပါတီခေါင်းဆောင်အဖွဲ့အစည်းများသို့ မိမိတို့၏ ထင်မြင်ချက်များကို တင်ပြနိုင်သည်။ သို့သော်လည်း ပါတီခေါင်းဆောင်အဖွဲ့အစည်းများက ဆုံးဖြတ်ချက်ချမှတ်ပြီးသည်နှင့် ယင်းဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ တဆင့်မြင့်သော ပါတီအဖွဲ့အစည်းက ချမှတ်သော ဆုံးဖြတ်ချက်သည် မိမိတို့၏ ဒေသ သို့မဟုတ် မိမိတို့ဌာနရှိ အခိုင်အမာအခြေအနေနှင့် ကိုက်ညီခြင်းမရှိကြောင်း တွေ့ရှိပါက ထိုဆုံးဖြတ်ချက်ကို ပြင်ဆင်ချမှတ်ရန် အောက်အဆင့်ပါတီအဖွဲ့အစည်းသည် သက်ဆိုင်ရာအထက်အဆင့် ပါတီအဖွဲ့အစည်းသို့ တင်ပြနိုင်သည်။ အကယ်၍ အထက်အဆင့်ပါတီအဖွဲ့အစည်းက မူလဆုံးဖြတ်ချက်အတိုင်း လိုက်နာလုပ်ဆောင်ရန် ထပ်မံညွှန်ကြားပါက အောက်အဆင့်ပါတီအဖွဲ့အစည်းသည် ၎င်းဆုံးဖြတ်ချက်အတိုင်း ချွင်းချက်မရှိ လိုက်နာဆောင်ရွက်ရမည်။

အကယ်၍ ကြားအဆင့် အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက် သို့မဟုတ်ညွှန်ကြားချက်သည် ဗဟိုဆုံးဖြတ်ချက်၊ ပေါ်လစီများနှင့် ဆန့်ကျင်ကွဲလွဲနေပါက အောက်အဖွဲ့အစည်းသည် ထိုဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် ခေတ္တဆိုင်းထား၍ အထက်အဖွဲ့အစည်း၊ လိုအပ်ပါက ပါတီဗဟိုအထိတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ အကယ်၍ အရေးတကြီးနှင့် ချက်ချင်းလုပ်ဆောင်ရမည့် ကိစ္စဖြစ်ပါက ပါတီဗဟိုဆုံးဖြတ်ချက်နှင့် ပေါ်လစီများအတိုင်းသာ လုပ်ဆောင်ရမည်။

**ပုဒ်မ ၂၇။** အဆင့်ဆင့် ပါတီအဖွဲ့အစည်းများက ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များသည် ပါတီဗဟိုကော်မတီ၊ အထက်အဆင့် ပါတီအဖွဲ့အစည်းများနှင့် မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ ပေါ်လစီများကို ဝါဒဖြန့်ပညာပေးခြင်းများ ပြုလုပ်ရမည်။

**ပုဒ်မ ၂၈။** ပါတီအဖွဲ့အစည်းအသစ်ကို ဖွဲ့စည်းခြင်း၊ သို့မဟုတ် တည်ရှိနေသော ပါတီအဖွဲ့အစည်းကို ဖျက်သိမ်းခြင်းကို တဆင့်မြင့်သော ပါတီအဖွဲ့အစည်းက ဆုံးဖြတ်ရမည်။

**ပုဒ်မ ၂၉။** တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းကို ညွှန်ကြားဦးဆောင်ရာ၌ လွယ်ကူစေရန် ဗဟိုကော်မတီသည် အခြေ



အနေ၏ လိုအပ်ချက်အရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်အချို့ ပါဝင်သော ဒေသများ အတွက် ဗဟိုဌာနခွဲများကို ဖွဲ့စည်းနိုင်သည်။ ဤဗဟိုဌာနခွဲများသည် ဗဟိုကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများဖြစ်သည်။ ၎င်းအဖွဲ့အစည်း ဆက်လက်တည်ရှိရန် မလိုအပ်တော့သောအခါတွင် ယင်းဗဟိုဌာနခွဲကို ဖျက်သိမ်းနိုင်သည်။ သို့မဟုတ် အခြားဗဟိုဌာနခွဲတခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။

**ပုဒ်မ ၃၀။** အဆင့်အသီးသီး ပါတီကော်မတီများသည် လက်တွေ့လုပ်ငန်းလိုအပ်ချက်အရ မိမိတို့၏ တညီတညွတ်တည်းသော ခေါင်းဆောင်မှုအောက်တွင် လုပ်ငန်းဌာနများ ထားရှိနိုင်သည်။ ( ဥပမာ ပါတီစည်းရုံးရေးဌာန၊ ဝါဒဖြန့်ချိပညာပေးရေး ဌာန၊ စစ်ရေးဌာန၊ မြေယာဌာန၊ လူထုလုပ်ငန်းဌာန စသည်) ယာယီအထူးလုပ်ငန်းများအတွက် လိုအပ်ပါက ယာယီကော်မရှင်များ သို့မဟုတ် အလုပ်အဖွဲ့များ ဖွဲ့စည်းနိုင်သည်။

## အခန်း (၃)
## ပါတီဗဟို အဖွဲ့အစည်းများ။

**ပုဒ်မ ၃၁။** ပြည်လုံးကျွတ်ပါတီကွန်ဂရက် ခေါ်ဆိုခြင်းကို ဗဟိုကော်မတီက ဆုံးဖြတ်၍ခေါ်ဆိုရမည်။ သာမန်အခြေအနေတွင် ပြည်လုံးကျွတ် ပါတီကွန်ဂရက်ကို ၅ နှစ်တကြိမ် ခေါ်ဆိုရမည်။ ထူးခြားသော အခြေအနေတွင် စော၍သော်လည်းကောင်း နောက်ကျ၍သော်လည်းကောင်း ခေါ်ဆိုနိုင်သည်။

ပြည်လုံးကျွတ် ပါတီကွန်ဂရက်သို့ တက်ရောက်ရမည့် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် တက်ရောက်မှသာလျှင် ယင်းကွန်ဂရက်သည် အထမြောက်ပေသည်။

ပြည်လုံးကျွတ်ပါတီကွန်ဂရက်သို့ တက်ရောက်ရမည့် ကိုယ်စားလှယ်များ၏ဦးရေနှင့် ၎င်းတို့ကိုရွေးကောက်ရန် စည်းကမ်းနည်းနာကို ဗဟိုကော်မတီက ဆုံးဖြတ်သတ်မှတ်ရမည်။

**ပုဒ်မ ၃၂။** ပြည်လုံးကျွတ်ပါတီကွန်ဂရက်၏ လုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများသည် အောက်ပါအတိုင်း ဖြစ်သည်။

(က) ဗဟိုကော်မတီက တင်ပြသော အစီရင်ခံစာများကို ကြားနာ၊ ဆွေးနွေး၊ အတည်ပြုခြင်း။